# ဩဧ

## ၂၀၁၉ ထောက်ရှူ စဉ်ခြင်ရန် အကြံပြုချက်များ၊

## *သူစိမ်းတို့အား ဧည့်ဝတ်ပြုရန် မလစ်ဟင်းစေနှင့်။*

သူစိမ်းတို့အား ဧည့်ဝတ်ပြုရန် မလစ်ဟင်းစေနှင့်။ အကြောင်းမူကား အချို့သောသူတို့သည် ဤနည်းဖြင့် ကောင်းကင်တမန်တော်တို့ကို အမှတ်မထင်ဧည့်ခံခဲ့ကြ၏။ (ဟေဗြဲ ဩဝါဒစာ ၁၃း၂)

နားလည်ယုံကြည်မှု ခရီးစဉ် သို့မဟုတ် နာလည်ယုံကြည်မှု အရေးကို ဖေါ်ဆောင်သည့် လူငယ်တွေ့ဆုံပွဲများကို တေဇေဒေသတွင် လွန်ခဲ့သော ဆယ်စုနှစ်များမှ စတင်၍ ယခုလက်ရှိအချိန်အထိ ဆက်လက် ကျင်းပလျက်ရှိသည်။ ယခုအချိန်ကာလတွင် ထိုကဲ့သို့ လူငယ်တွေ့ဆုံ ပွဲများကို ကမ္ဘာ့တိုက်နိုင်ငံများအားလုံးတွင် တွေ့ရှိနိုင်ပါသည်။

ထိုလူငယ်များတွေ့ဆုံ ပွဲတွင် ဧည့်သည်လူငယ်များနှင့် ကြိုဆိုသောအဖွဲ့အားအတွက် မမေ့နိုင်စရာ အတွေ့အကြုံတစ်ခုမှာ ဧည့်ဝတ်ကျေပွန် မှုပင်ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်သြဂုတ်လ ဟောင်ကောင်မြို့တွင်ကျင်းပသော အစီးအဝေးတွင်လည်း ဧည့်ဝတ်ကျေပွန်မှုတန်ဖိုးကို ပြန် တွေ့ကြုံဖေ့ာနိုင်ခဲ့သည်။ ထိုအစီးအဝေးသို့ အာရှနိုင်ငံများ အပြင် အခြားဒေသမှ လူငယ်များလည်း တက်ရောက်ခဲ့ကြသည်။ ထိုနိုင်ငံများထဲတွင် ပဋိပက္ခများနှင့် ကုစားရန်လိုအပ်သော အတိတ်ဒဏ်ရာများနှင့် အနာတရဖြစ်နေသည့် နိုင်ငံများလည်း ပါဝင်သည်။

ထိုအစည်းအဝေးသို့ တရုတ်နိုင်ငံ ပြည်မကြီး တိုင်းဒေသပေါင်းစုံမှ လူငယ်များ ၇၀၀ခန့် ပါဝင်တက်ရောက်ခဲ့သည်။ ထိုနိုင်ငံတကာ လူငယ်များ တက်ရောက်ခြင်းနှင့် ဟောင်ကောင်မြို့ ရှိ မိသားစုမှကြိုဆိုလက်ခံခြင်းသည် မျှော်လင့်ခြင်းအမှတ်လက္ခဏာ တစ်ခုပင်ဖြစ်ပါသည်။

အာရှိတိုက်ရှိ ခရစ်ယာန်လူငယ်များသည် အရှိန်အဟုန်ဖြစ် တိုးတက်ပြောင်းလဲနေသည့်လူမှုအဖွဲ့အစည်းတွင် လူနည်းစုတစ်စုဖြစ်ပါသည်။ ထိုခရစ်ယာန်လူငယ်များသည် သူတို့၏ ဂိညာဉ်ခွန်အားများကို သခင်ခရစ်တော်၌ ယုံကြည်အားကိုးခြင်းနှင့် အသင်းတော်များတွင် ညီအစ်ကို မောင်နှမများ သဖွယ် ရင်းနှီးစွာနေထိုင်ခြင်းတို့မှ ရရှိကြသည်။

မက်ဒရစ်မြို့၌ကျင်းပသော ဥရောပနိုင်ငံများ အစည်းအဝေးမှစတင်ပြီး ၂၀၁၉ခုနှစ်ပတ်လုံး တေဇေ၊ ဘေရုဒ်၊ ကိပ်တောင်းနှင့် အခြားဒေသများတွင် ကျွန်ုပ်တို့သည် ဧည့်ဝတ်ကျေပွန်မှု အကြောင်းတရားများကို နက်နက်နဲနဲ ပြန်လည်သုံးသပ်ဆင်ခြင်ကြမည်ဖြစ်သည်။

အောက်ပါ ထောက်ရှု စဉ်ခြင်ရန် အကြံပြုချက်များသည် ယုံကြည်ခြင်းကို အခြေ ၍တင်ပြထားခြင်းဖြစ်ပါသည်။ ထိုအချက်များသည် ဧည့်ဝတ်ကျေပွန်မှု၏ မူလအရင်းအမြစ်သည် ဘုရားသခင် ၌ ရှိသည်ကို ရှာဖွေရန် ခရစ်ယာန်များအားလုံးကို ဖိတ်ခေါ်နေပါသည်။ ဤအချက်က ကျွန်ုပ်တို့ မည်ကဲ့သို့ ဘုရားသခင်ကို နားလည်သည်ကို မေးခွန်းမေးစရာ ဖြစ်လာစေသည်။ ဘုရားသခင်သည် အယောက်စီတိုင်းကို ကြိုဆိုနေပါသည် ၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်လှပ်မထားပါ၊

ကျွန်ုပ်၏ ညီအစ်ကို မောင်နှမတို့ ကျွန်ုပ်မြင်တွေ့မိသည်မှာ ဧည့်ဝတ်ကျေပွန်မှုကို ခရစ်ယာန်အသင်းတော်များတွင်သာမက တခြားဘာသာဝင်များနှင့် မယုံကြည်သူ အသိုင်းအဝိုင်းများတွင် လည်း တွေ့ကြုံခံစားနိုင်ပါသည်။

အခက်အခဲများပေါင်းစုံကြား သံသယများ ကြီးစိုးနေသည်ဟု ထင်နေရသော အချိန်တွင် ကျွန်ုပ်တို့အားလုံး ရဲရဲရင့်ရင့် ဧည့်ဝတ်ကျေပွန်စွာ အသက်ရှင်နေထိုင်သွားပြီး ကျွန်ုပ်တို့ အလည်တွင် နားလည်ယုံကြည်ခြင်းကို ရှင်သန်ကြီးထွားစေရန် အသင့်ရှိကြပြီလော။

fr. Alois

ဖာသာရ် အာလွစ်

ထောက်ရှု စဉ်ခြင်ရန် ပထမအချက်။

# ဧည့်ဝတ်ကျေပွန်မှု၏ အရင်းအမြစ်ကို ဘုရားသခင်ထံ၌ ပြန်လည်ရှာဖွေခြင်း

ကနဦး စကြဝဠာစ ၍ ဘုရားသခင် သည် အံ့သြနက်နဲစွာ လုပ်ဆောင်လျက်ရှိပါသည်။ ထိုခိုင်မာသော ယုံကြည်ချက်ကို ခရစ်ယာန်သမ္မာကျမ်းစာ၏ အစ ဖန်ဆင်းခြင်း ပုံပြင်များတွင် ကဗျာဆန်ဆန် ရေးသားဖော်ပြထားပါသည်။ ဘုရားသခင်သည် သူဖန်ဆင်းသောအရာများ အားလုံးကို ပြန်လည် ဆင်ခြင်ပြီး ကောင်းချီးမင်္ဂလာ သက်ရောက်စေခဲ့သည်။ ဘုရားသခင်သည် ဖန်းဆင်းသမျှအားလုံး ကောင်းမြတ်သည်ကို မြင်တော်မူ၏။ ဘုရားသခင်သည် စကြဝဠာတစ်ခုလုံးကို အလွန်ချစ်မြတ်နိုးတော်မူ၏။

ကျွန်ုပ်တို့သည် ဘုရားသခင်ကို အနည်းငယ်မျှသိကျွမ်း နားလည် ကြပါသည်။ သို့သော်လည်း ဘုရားသခင် သည် ကျွန်ုပ်တို့အားလုံး ဂမ်းမြောက် ပျော်ရွှင်မှုကို အလိုရှိတော်မူသည်၊ အ ကြွင်းမဲ့ အယောက်စီတိုင်းကို ကြိုဆိုနေပါသည်ကို စိတ်ချယုံကြည်ပါ။ အဘယ်ကြောင့်ဆိုသော ဘုရားသခင်သည် ဧည့်ဝတ်ကျေပွန်မှု၏ အရင်းအမြစ် ဖြစ်တော်မူ၏။

ထို့ထက်မက သခင်ခရစ်တော်အားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် တလုံးတဂတည်းရှိနေတော်မူ၏။ လူသားအားလုံးကို သူနှင့်ပေါင်းစပ်ရန်၊ တလုံးတဂတည်းရှိရန် ဘုရားသခင် အလိုတော်ရှိတော်မူ၏။ ဘုရားသခင်၏ ဧည့်ဝတ်ကျေပွန်မှုသည် ကျွန်ုပ်တို့အယောက်စီတိုင်း၏ အတွင်း စိတ်ဝိညာဉ်ကို ထိတွေ့လျက်ရှိပါသည်။ ထိုဧည့်ဝတ်ကျေပွန်မှုသည် လူသားအားလုံးဆီသို့ ဆက်လက်ပြန့်နှံ့ရောက်ရှိနေပါသည်။

- မကောင်းမှု ဒုစရိုက်များ စိုးမိုးနေသော ယခုလက်ရှိ အချိန်ကာလတွင် ကျွန်ုပ်တို့ စိတ်ပျက်၊ အားငယ်နေကြပြီလော။ ကျွန်ုပ်တို့၏ မျှော်လင့်ခြင်းများ ရှင်သန်နိုင်ရန် အံ့သြဖွယ်စိတ်ဓာတ်များကို ပြန်လည် လေ့ကျင့်ကြပါစို့။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင် ရှိ အရာအားလုံးသည် အံ့သြဖွယ်ကောင်း သည်ကို အမြင်သစ်ဖြင့် ပြန်လည် သုံးသတ်ကြည့်ပါစို့။
- သမ္မာကျမ်းစာတော်မြတ်ကို တဦးစီဖြစ်စေ အဖွဲ့လိုက်ဖြစ်စေ ပြန်လည်ဖတ်ရှုကြပါစို့။ ဧဝံဂေလိ သတင်းကောင်းကျမ်းအစတွင် သခင်ခရစ်တော်၏ အသက်တာကိုဖော်ပြထားပါသည်။ တကြိမ်တခါတည်းဖတ်ရှုခြင်း ဖြင့် သခင်ခရစ်တော်အကြောင်းကို အလုံးစုံ နားမလည်နိုင်ပါ၊ တခါတရံ ကျွန်ုပ်တို့ လေးနက်စွာ ရှာဖွေရန်လိုအပ်ပါသည်။ သမ္မာကျမ်းစာတော်မြတ်ကို အတူတကွ ဖတ်ရှု စဉ်ခြင်ခြင်းဖြင့် ဘုရားသခင်၏ အသက်စမ်းရေသည် ကျွန်ုပ်တို့အားလုံးကို ဘုရားသခင် ၌ ယုံကြည်ခြင်းတိုးပွားရန်၊ ခွန်အားဖြစ်စေပါသည်။

**ထို့နောက်သူသည် ထ ၍ သူ၏အဖထံသို့ ပြန်သွားလေ၏။ သို့သော် သူသည် အဝေး ၌ ရှိစဉ်ပင် သူ၏အဖသည် သူ့ကို တွေ့သဖြင့် သနားခြင်းစိတ်ရှိ ၍ ပြေးသွားပြီးလျှင် သူ့ကို ပွေ့ဖက် ၍ နမ်းရှုပ်လေ၏။ (ရှင်လုကာ ၁၅း၂၀)**

*ကျွန်ုပ်တို့ ဖတ်ရှုသော ရှင်လုကာဧဝံဂေလိကျမ်း ၁၅း၂၀ မှပျောက်သောသား ပုံဥပမာ သည် ကျွန်ုပ်တို့ကို ဘုရားသခင်၏ ဧည့်ဝတ်ကျေပွန်မှု၊ နွေးထွေးပျူငှာမှု ကိုမည်သို့ သင်ကြားပေးနေသနည်း။*

ထောက်ရှု စဉ်ခြင်ရန် ဒုတိယအချက်။

# သခင်ခရစ်တော်သည် ကျွန်ုပ်တို့ ဘဝ ၌ရှိနေသည်ကို ထောက်ရှုစဉ်ခြင်ကြပါစို့

ဘုရားသခင်သည် ကျွန်ုပ်တို့ကိုသူ၏ ဧည့်ဂတ်ကျေပွန်မှုကို ကမ်းလှမ်းနေသော်လည်း သူနှင့် အတူ ပေါင်းစပ်ရန် ကျွန်ုပ်တို့၏ လွတ်လပ်စွာ တုန့်ပြန်မှုလိုအပ်ပါသည်။

ဘုရားသခင်သည် ချစ်ခြင်း မေတ္တာ ဖြစ်သည်ကို သခင်ခရစ်တော် သည် ကျွန်ုပ်တို့အား ပြသနေပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် မိတ်သဟာယဖွဲ့ရန် ကမ်းလှမ်းနေပါသည်။ သခင်ခရစ်တော်သည် ဆင်းရဲသားတစ်ဦးကဲ့သို့ ကျွန်ုပ်တို့၏ နှလုံးသား တံခါး၀ ၌ရပ်လျက် တံခါးကို ခေါက်နေသည်။ ကျွန်ုပ်တို့ ဖက်မှ ဧည့်ဂတ် ပြုခြင်းအမှုကို သူစောင့်မျှော်နေသည်။ သူ့ကို တံခါးဖွင့်ကြိုဆိုလျှင် သူသည်ကျွန်ုပ်တို့ ၏ စိတ်နှလုံးသားထဲသို့ ဂင်ရောက်လာမည်ဖြစ်သည်။

ရိုးရှင်းသော ဆုတောင်း မေတ္တာ နှင့် သခင်ခရစ်တော်ကို ကျွန်ုပ်တို့၏ နှလုံးသားထဲသို့ ဖိတ်ခေါ်ကြပါစို့။ ၎င်းနောက် ကျွန်ုပ်တို့သည် သူနှင့်အတူရှိသည်ကို မခံစားမိသော်လည်း သူသည် ကျွန်ုပ်တို့၏ နှလုံးသားတွင် ကိန်းအောင်းနေပြီဖြစ်သည်။

- တခဏမျှ ဘုရားကျောင်းထဲတွင် ဆုတောင်းကြည့်ပါ။ မနက်ပိုင်း သို့ ညနေပိုင်း မည်သည့်အချိန်ပင်ဖြစ်စေ တခြားရည်ရွယ်ချက်များ မထားဘဲ ဘုရားသခင်ကို ယုံကြည်စွာနဲ့ ကျွန်ုပ်တို့၏ တနေ့တာကို ပူဇော်ကြပါစို့။ ထိုအချိန်ကာလသည် ကျွန်ုပ်တို့၏ အတွင်းစိတ်များကို ပြန်လည်စောက်တည် သောအချိန်ဖြစ်ပါသည်။ သခင်ခရစ်တော်နှင့် အတူရှိနေခြင်းကို ပြန်လည် အောက်မေ့ သတိရခြင်းသည် ကျွန်ုပ်တို့၏ စိုးရိမ် ပူပန်သောက များဖြစ်သော သူတပါးကို ကြောက်ရွံ့ခြင်း၊ မိမိကိုယ်ကို အားငယ်ကြောက်ရွံ့တတ်ခြင်း၊ မသေချာသော အနာဂတ်အတွက် စိုးရိမ်ပူပန်ခြင်း တို့ကို ကင်းဝေးစေပါသည်။
- အချိန်အများကြီးမရှိလျှင်ပင် ကျွန်ုပ်တို့ သည် သခင်ခရစ်တော်ကို ကျွန်ုပ်တို့၏အကြောင်း နှင့် ကျွန်ုပ်တို့ မိတ်ဆွေအကြောင်းများကို စကားအနည်းငယ်ဖြင့် တီးတိုးရေရွတ်စွာပြောကြားနိုင်ပါသည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးသားထဲတွင်ရှိသော အရာများ နှင့် နားမလည်သော အကြောင်း အရာများကို သူ့အားပြောကြားနိုင်ပါသည်။ သမ္မာကျမ်းစာမှ ဘုရားသခင်၏ နတ်တော်ထွက် စကားအချို့သည် ကျွန်ုပ်တို့ ၏ တနေ့တာအတွက် ထောက်ရှုစဉ်းစား စရာ အချက်များဖြစ်ပါသည်။

**ရှင်ပြန်ထမြောက်သော သခင်ခရစ်တော် မိန့်မြွက်တော်မူသည်ကား ၊ ငါသည် တံခါးရှေ့မှာ ရပ် ၍ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား ၍ တံခါးကိုဖွင့်အံ့၊ ထိုသူရှိရာသို့ ငါဝင် ၍ သူနှင့်အတူစားသောက်မည်။ သူသည်လည်း ငါနှင့်အတူ စားသောက်ရလိမ့်မည်။ (ဗျာဒိတ်တော်ကျမ်း ၃း၂၀)**

*သခင်ခရစ်တော် အသံကိုကြားရန် မည်သည့်အရာက ကျွန်ုပ်ကို ကူညီထောက်မ ပေးသနည်း။*

*သခင် ခရစ်တော်ကို တံခါးဖွင့် ကြိုဆိုခြင်းသည် ကျွန်ုပ်အတွက် အဘယ်အရာကို ဆိုလိုသနည်း။*

ထောက်ရှု စဉ်ခြင်ရန် တတိယအချက်။

# ကျွန်ုပ်တို့၏ အားသာချက် နှင့် အားနည်းချက်များကို လက်ခံခြင်း

ဘုရားသခင်သည် ကျွန်ုပ်တို့ ၏ အားသာချက်များသာမက အားနည်းချက်များကိုပါ လက်ခံနိုင်ပါသည်။ ကျွန်ုပ်တို့ လည်း မိမိကိုယ်ကို လက်ခံတက်ဖို့ လိုအပ်ပါသည်။ မိမိကိုယ်ကို လက်ခံတတ်ခြင်းသည် မိမိ ၌ ရှိသော စိတ်ဒဏ်ရာများကို ပျောက်ကင်းစေခြင်း၏ အစဖြစ်ပြီး အရေးကြီး လိုအပ်သောအရာ လည်းတစ်ခုလည်းဖြစ်ပါသည်။

ကျွန်ုပ်တို့ လက်ခံရရှိသော ကျေးဇူးတော်များ အတွက် ဘုရားသခင်၏ နာမတော်မြတ်ကို ချီးမွမ်းကြပါစို့။ ကျွန်ုပ်တို့၏ အားနည်းချက်များသည် ဘုရားသခင် ဝင်ရောက်ရာ လမ်းကြောင်းဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့ကို ဆက်လက် ဦးဆောင်ပြီး ကျွန်ုပ်တို့၏ ဘဝကိုပါ ပြောင်းလဲစေဖို့အတွက် ဦးစွာပထမ ကျွန်ုပ်တို့ အချင်းချင်း လက်ခံကြိုဆိုကြရန် ဘုရားသခင် အလိုရှိသည်။

ကျွန်ုပ်တို့၏ အားနည်းချက်များကို လက်ခံခြင်းသည် တရားမျှတမှုမရှိခြင်း၊ အကြမ်းဖက်ခြင်း၊ လူသားချင်း ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းများကို ခေါင်းငုံခံရာ မဖြစ်နိုင်ပါချေ။ ကျွန်ုပ်တို့၏ အားနည်းချက်များကို သိရှိခြင်းသည် ကျေအေးသော နှလုံးသားနှင့် အခက်အခဲများကို ရင်ဆိုင်ရန် ခွန်အားဖြစ်စေပါသည်။

ကျွန်ုပ်တို့၏နှလုံးသားထဲ၌ မီးသဖွယ် ကိန်းအောင်းနေသော သန့်ရှင်းသော ဂိညာဉ်တော်ဘုရားသည် ကျွန်ုပ်တို့၏ စိတ်နှလုံးအတွင်းနှင့် အပြင်ရှိ မကောင်းမှုများကို အကောင်းဖက်သို့ ပြောင်းလဲပေးစေသည်။

- ကျေးဇူးတော်များကို ရှာဖွေရန် နှင့် ကျွန်ုပ်တို့၏ အားနည်းချက်များကို သိမှတ်ဝန်ခံရန် အတွက် ၊ ကျွန်ုပ်တို့ ယုံကြည်ရမည့်သူတစ်ဦး ကိုရှာဖွေကြပါစို့။ ထိုသူသည် ကျွန်ုပ်တို့ကို အခက်အခဲများကို ကြင်နာစွာ နားထောင်ပေးနိုင်သူ၊ ကျွန်ုပ်တို့ ဘဝနှင့် ယုံကြည်ခြင်း တိုးတက်အောင် ကူညီစောင်မသူ ဖြစ်ရပါမည်။
- ကျွန်ုပ်တို့ ဆုတောင်းချိန်တွင် ကျေးဇူးတော် ချီးမွမ်းခြင်းသည် အလွန်ပင်လိုအပ်သော အရာတစ်ခုဖြစ်ပါသည်။ ကျေးဇူးတော်ချီးမွမ်းခြင်းသည် ကျွန်ုပ်တို့ကို ဘုရားခင်နှင့် ပေါင်းစပ်စေပါသည်။ အတူတကွ ဆုတောင်း ချီးမွမ်း သီဆိုခြင်းသည် မည်သည့်အရာနှင့်မျှ မလဲနိုင်သော အရာတစ်ခုဖြစ်ယုံမျှမက ထိုဆုတောင်းသံများသည် ကျွန်ုပ်တို့၏ နှလုံးသားများထဲတွင် ပဲ့တင်ထပ်သံ အဖြစ်ရှိနေမည်ဖြစ်ပါသည်။

**ဝန်လေး ၍ ပင်ပန်းသော သူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည် သင်တို့ကို အားဖြည့်ပေးမည်။ ငါ၏ထမ်းပိုးကိုယူ ၍ ထမ်းလျက် ငါ့ထံမှ သင်ယူကြလော့။ အကြောင်းမူကား ငါသည် သိမ်မွေ့ ၍ နှိမ့်ချသော စိတ်နှလုံးရှိ၏။ သင်တို့၏ စိတ်ဝိညာဉ်သည်လည်း သက်သာရာရလိမ့်မည်။ အကြောင်းမူကား ငါ၏ထမ်းပိုးသည် ထမ်းလွယ်၏။ ငါ၏ဝန်သည်လည်း ပေါ့၏ဟု မိန့်တော်မူ၏။ (ရှင်မာတေဦး ဧဝံဂေလိကျမ်း ၁၁း၂၈-၃၀)**

*သခင်ခရစ်တော်သည် မည်သည့် ဝန်ထုတ်နှင့် မည်သို့ အားဖြည့်ပေးမည့် အကြောင်းကို ပြောကြားနေသနည်း။*
*သခင်ခရစ်တော်ထံမှ မည်သည့်အရာများ ကျွန်ုပ်တို့ လေ့လာ သင်ယူနိုင်သနည်း။*

ထောက်ရှု စဉ်းစားရန် စတုတ္ထအချက်။

# အသင်းတော် ၌ မိတ်သဟာယ ရှာဖွေခြင်း

ကျွန်ုပ်တို့၏ ဘုရားသခင် ၌ ယုံကြည်ခြင်းကို တခြားသူများအားပေးရန်အတွက် နေရာတစ်ခုလိုအပ် ပါသည်။ ကျွန်ုပ်တို့ သိကျွမ်းသော မိတ်ဆွေ အချို့သာမက ကျွန်ုပ်တို့နှင့်ကွဲပြား ခြားနားသော မိတ်ဆွေများကို တွေ့ဆုံနိုင်သော နေရာ ဖြစ်ရန် လိုအပ်သည်။

အသင်းတော်များနှင့် ဒေသခံ အဖွဲ့ အစည်းများသည် ခေတ်အဆက်ဆက်မှ မတူညီ ကွဲပြားသော လူမှုအဖွဲ့ အစည်း နှင့် ရိုးရာဓလေ့များ မှ လူများ စုစည်းရာ နေရာတစ်ခုဖြစ်ပါသည်။ ထိုနေရာသည် တန်ဖိုးမဖြတ်နိုင်သော မိတ်ဆွေများ စုစည်းရာ နေရာတစ်ခုဖြစ်လာသည်။ မိတ်ဆွေစစ်သည် တခြားသူများကို ခေါင်းပုံဖြတ် အမြတ်ထုတ်သော သူမဟုတ်ဘဲ တခြားသူများ၏ ကောင်းကျိုးကို သယ်ဆောင်သူများဖြစ်ပါသည်။

အကယ် ၍ ဒေသခံ အသင်းတော်တိုင်းသည် ဂမ်းမြောက် ဂမ်းသာစွာ ကြိုဆိုသော မိသားစု တစ်ခုဖြစ် ပြီး ကျွန်ုပ်တို့ သံသများ၊ မေးခွန်းများ ကိုနားလည်လက်ခံပေးနိုင်သော နေရာ ကျွန်ုပ်တို့ ပင်ကိုယ်အတိုင်းရပ်တည်နိုင်သော နေရာ နှင့် အပြစ်တင်ဝေဖန်မှုများကို ထိတ်လန့်စရာမလိုအပ်သည့်နေရာ တစ်ခုဖြစ်လျှင်....

သန့်ရှင်းသော ဝိညာဉ်တော် တန်ခိုးတော် သက်ရောက်သောနေရာတိုင်း နှင့် သခင်ခရစ်တော်၏ မိတ်သဟာယ အလင်းတန်းကျရောက်သော နေရာတိုင်း ၌ အသင်းတော်ဖြစ်တည်လာပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင် ရှိသော ဆင်းရဲသော ခရစ်ယာန် လူနည်းစုများသည် သူတို့နေထိုင်ရာ ပတ်ဝန်းကျင် အိမ်နီးချင်းများ နှင့်၊ ကျေးရွာများ တွင် နေထိုင်သူများကို ကူညီ ရိုင်းပင်း ကြပါသည်။ ထိုခရစ်ယာန် လူနည်းစုများသည် အခြားသောနိုင်ငံများ အတွက် အတုယူစရာ၊ ပုံသက်သေကောင်းပြသူများ ဖြစ်နိုင်ပါသည်။

- ကျွန်ုပ်တို့ အသင်း အဖွဲ့ငယ် လေးများ အနေဖြင့် ပုံမှန်အတူတကွ တွေ့ဆုံပြီး ဆုတောင်းခြင်း ပေးခြင်းများ ပြုလုပ်သကဲ့သို့ ကျွန်ုပ်တို့ နေထိုင်ရာ မြို့ရွာများရှိ ခရစ်ယာန် အသင်းအဖွဲ့ကြီးများ၏ အသက်တာ လှုပ်ရှားမှု ကိုလည်း ကြည့်ရှုပန့်ပိုးရန် လိုအပ်ပါသည်။ ဥပမာ တနင်္ဂနွေနေ့ ဝတ်ပြုဆုတောင်းပွဲသို့ လာသော တစိမ်းသူများကို အသင်းတော်ရှိ အချို့အဖွဲ့ငယ်များက အားပေး ဂရုစိုက် သင့်ပါသလား။
- သခင်ခရစ်တော်သည် လူမျိုး၊ဘာသာ မခွဲခြားဘဲ သူ့ကိုချစ်သောသူ၊ သူ့နောက်လိုက်လိုသောသူများ အားလုံးကို သူနှင့် တလုံးတဝတည်းရှိရန် အလိုရှိပါသည်။ ညှော်ဝတ်ကျွေးပွန်ခြင်းကို ပေးခြင်းသည် စည်းလုံး ညီညွတ်ရန် နည်းလမ်းတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဆုတောင်း စုဝေးပွဲသို့ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ ဘာသာခြားများကို ဖိတ်ခေါ် ၍ အတူတကွ ဝတ်ပြု ဆုတောင်း ခြင်းများ ပိုမိုလုပ် သင့် ပါလား။

**ထိုအချိန်ကာလ၌ ယေရှု/ယေရှု ၏ လက်ဝါးကပ်တိုင်အနီးတွင် ရပ်နေကြသောသူတို့သည်ကား ကိုယ်တော်၏မယ်တော်၊ မယ်တော်၏ညီမဖြစ်သော ကလေဩဖ၏ဇနီး မာရိယာနှင့် မာရိယာ မာဒလေနားတို့ဖြစ်ကြ၏။ ယေရှုသည် မယ်တော်နှင့် သူမအနီးတွင်ရပ်နေသည့် မိမိချစ်တော်မူသော တပည့်တော်ကို မြင်လျှင် မယ်တော်အား အချင်းအမျိုးသမီး၊ သင်၏သားကိုကြည့်ပါလော့ ဟု မိန့်တော်မူ၏။ ထို့နောက် ကိုယ်တော်သည် တပည့်တော်ကိုလည်း သင်၏အမိကို ကြည့်ပါဟု မိန့်တော်မူ၏။ ထိုအချိန်မှစ ၍ တပည့်တော်သည် မယ်တော်ကို မိမိ၏အိမ်သို့ ခေါ်ဆောင်ထားလေ၏။ (ရှင်ယောဟန် ဧဝံဂေလိကျမ်း ၁၉း၂၅-၂၇)**

*သခင်ခရစ်တော် အလိုတော် ရှိသည့်အတိုင်း လက်ဝါးကပ်တိုင် ၏ခြေရင်းမှ မိသားစုအသစ်တစ်စု မွေးဖွားလာပါသည်။ ယနေ့အချိန်တွင် ညီအစ်ကို မောင်နှမများသဖွယ် ကျွန်ုပ်တို့ မည်သို့ နေထိုင်သင့် သနည်း။*

ထောက်ရှု စဉ်းစားရန် ပဉ္စမအချက်။

# ရက်ရောစွာ ဧည့်ဝတ်ပြုခြင်းကို လက်တွေ့လုပ်ဆောင်ခြင်း

ဘုရားသခင်၏ ဧည့်ဝတ်ကျေပွန်ခြင်းသည် ကျွန်ုပ်တို့အားလုံးကို ကမ်းလှမ်းနေပါသည်။ ကျွန်ုပ်တို့သည် တပါးသူများကို ကျွန်ုပ်တို့လိုချင်သော ပုံစံအတိုင်း မဟုတ်ဘဲ သူတို့၏ ပင်ကို၊ မူလ၊ အရှိအတိုင်းလက်ခံနိုင်မည်လော။ အကျွန်ုပ်တို့၏ပုံစံမဟုတ်ဘဲ အခြားသူများ၏ပုံစံအတိုင်း ကျွန်ုပ်တို့ကို ကြိုဆိုလျှင်လည်း လက်ခံနိုင်ပါမည်နည်း။

- ကျွန်ုပ်တို့အားလုံး တပါးသူကို လက်ကမ်း ကြိုဆိုခြင်း၊ တပါးသူများအား အချိန်ပေး၊ ဂရုစိုက်ခြင်း၊ တပါးသူများကို ဖိတ်ခေါ် ကျွေးမွေးခြင်း၊ ဆင်းရဲ အားငယ်သူများကို ဖေးမအားပေးခြင်း၊ တပါးသူများကို အကြင်နာ စကားကမ်းလမ်းခြင်း အစရှိသော လုပ်ဆောင်ချက်များကို လုပ်ဆောင်သော အမျိုးသမီး ၊ အမျိုးသားများဖြစ်ရန် ကြိုးစားကြပါစို့။
- လူအများစု မိမိတို့ နေရပ်ကို စွန့်ခွာပြီး တိုင်းတပါးသို့ပြောင်းရွှေ့နေထိုင်ခြင်းသည် ယခုမျက်မှောက်ကာလအတွက် ကြီးမားသော စိန်ခေါ်မှုတရပ်ဖြစ်ပါသည်။ ဧည့်ခံကြိုဆိုသော အိမ်ရှင်များသာမက ဧည့်သည်များအတွက်ပါ ဧည့်ဝတ်ကျေပွန်မှုသည် အခွင့်အရေးကောင်း တခုအဖြစ်ရှုမြင်နိုင်ပါသည်။ တစ်ဦးနှင့် တစ်ဦး တွေ့ဆုံခြင်းသည် လွဲရှောင်၍ မဖြစ်သောအရာ တစ်ခုဖြစ်ပါသည်။ ဥပမာ၊ ကျွန်ုပ်တို့သည် တိုင်းပြည်တစ်ပြည်မှ အခြားတစ်ပြည်သို့ ရွှေ့ပြောင်းနေထိုင်သူများ သို့မဟုတ် ဘေးကင်းလုံခြုံရာအရပ်သို့ ထွက်ပြေးခိုလှုံသူများ၏ အဖြစ်အပျက် အတွေ့အကြုံများကို နားထောင်ခွင့် ရှိပါသည်။
- ကျွန်ုပ်တို့ ကမ္ဘာမြေကြီးကို ဂရုပြုစောင့်ရှောက်ရန် လိုအပ်ပါသည်။ ဤထူးဆန်း အံ့သြဖွယ်ကောင်းသော ကမ္ဘာမြေကြီးသည် ကျွန်ုပ်တို့အားလုံးနှင့် သက်ဆိုင်သော အိမ်တလုံးဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အနာဂတ် လူငယ်များအတွက် သဟဇာတ ဖြစ်သော ကမ္ဘာမြေကြီးဖြစ်စေရန် ထိန်းသိမ်းကြပါစို့။ ကျွန်ုပ်တို့ နေထိုင်ပြုမူမှု ပုံစံများကို ပြန်လည် စစ်ဆေးခြင်းသည် အရေးကြီးသော အချက်တခုဖြစ်ပါသည်။ ကျွန်ုပ်တို့ တတ်နိုင်သလောက် ကြိုးစားပြီး သဘာဝအရင်းအမြစ်များကို အလွန်အကျွံ ဖြုန်းတီးသုံးစွဲခြင်းများ ကိုဟန့်တားခြင်း၊ သဘာဝပတ်ဝင်းကျင်ကို ညစ်ညမ်းစေသော အရာများကို တိုက်ဖျက်ခြင်း၊ ကွဲပြားခြားနားသော သဘာဝသက်ရှိ သတ္တဝါများ ကျဆင်းခြင်းများကို ထိန်းသိမ်းခြင်း တို့ကိုပြုလုပ်ကြရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် သဘာဝပတ်ဝန်းကျင် ဖန်ဆင်းခံအရာများကို စာနာထောက်ထားလျှင် ထိုအရာများမှ ပျော်ရွှင်မှုများ စီးစဉ်လာသည်ကို တွေ့ကြုံ ခံစားနိုင်မည်ဖြစ်သည်။

**ထိုအခါ ဘုရင်က သင်တို့အား ငါအမှန်ဆိုသည်ကား အသိမ်ငယ်ဆုံးသော ဤငါ၏ ညီအစ်ကိုတို့တွင် တစ်ဦးကို သင်တို့ ပြုစုခဲ့ကြလျှင် ငါ့ကိုပင် ပြုစုကြပြီဟု သူတို့အား ပြန်ပြောတော်မူလိမ့်မည်။ (ရှင်မာတေဦး ဧဝံဂေလိကျမ်း ၂၅း၄၀)**

**ရယူခြင်းထက် ပေးဆပ်ခြင်းသည် ပို ၍မင်္ဂလာရှိ၏ဟူသော ယေဇူး/ယေရှု သခင်၏ မိန့်မှာချက်ကို အောက်မေ့ သတိရလျက် ငါတို့သည် အားနည်းသူတို့အား ကူညီမစရမည့်အကြောင်း ငါသည် အရာရာတိုင်း၌ အားသွန်ခွန်စိုက်လုပ်ဆောင်ခြင်းဖြင့် သင်တို့ကို စံနမူနာပြခဲ့ပြီဟု ဆိုလေ၏။ (တမန်တော်ဝတ္ထု ၂၀း၃၅)**

*တပါးသူအား ဖေမျှခြင်းမှ ထွက်ပေါ်လာသော ဝမ်းမြောက်ဝမ်းသာခြင်းကို ကျွန်ုပ်ခံစား တွေ့ကြုံဖူးပါသလား။*
*ကျွန်ုပ်တို့သည် တဦးကို တဦး မှီခိုရပ်တည်နေရသော လူသားများဖြစ်သည် ကို သတိပြုမိပါလော။*

# ၂၀၁၉ ခုနှစ် ၏ "နားလည် ယုံကြည်ခြင်း" ခရီးစဉ်များ

## *တေဇေ ၌*

**တနှစ်ပတ်လုံး အပတ်စဉ်တိုင်း အစီအစဉ်**

တနင်္ဂနွေနေ့မှ တနင်္ဂနွေနေ့ အထိ နိုင်ငံပေါင်းစုံ လူငယ်များအတွက် အစည်းအဝေးပြုလုပ်ပေးခြင်း၊

**စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် ခရစ်ယာန် လူငယ်များနှင့် မွတ်စလင်လူငယ်များ အကြား ချစ်ကြည်ရေး (မိတ်ဖွဲ့ခြင်း) အစီအစဉ်၊**

*ဩဂုတ်လ ၂၂ရက် ကြာသာပတေးနေ့ မှ ဩဂုတ်လ ၂၅ ရက် တနင်္ဂနွေနေ့ အထိ*

ဘုရားသခင် နှင့်ထိတွေ့မှုအတွေ့အကြုံများ ပြန်လည်ဝေငှခြင်း၊ ကျွန်ုပ်တို့၏ တူညီမှုနှင့် ကွဲပြားမှု ဆုတောင်းခြင်း ပုံစံများ၊ ကိုရင်းနီးစွာ ပြန်လည် ရှာဖွေဝေငှခြင်းအစီအစဉ်၊

**ပြန်လည် ဆင်ခြင်သုံးသပ်ခြင်း ရက်သတ္တပတ် အစီအစဉ် အသက် ၁၈ မှ ၃၅ နှစ်ကြား ရှိသူများအတွက်သာ**

*ဩဂုတ်လ ၂၅ရက်တနင်္ဂနွေနေ့ မှ စက်တင်ဘာလ ၁ရက်နေ့ တနင်္ဂနွေနေ့ အထိ*

အဖွဲ့လိုက် ပြန်လည် စဉ်ခြင် သုံးသပ်ခြင်းနှင့် ဝေငှခြင်း အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်များကို နိုင်ငံ ပေါင်းဆုံမှ ကိုယ်စလှယ်များ မှ ဦးဆောင်သွားမည်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်း စိန်ခေါ်မှုများဆိုင်ရာ အထူးအစီအစဉ်ကို စိတ်ဝင်စားသူများ တက်ရောက်နိုင်ပါသည်။

## *ဘေရွတ်မြို့၌*

**နိုင်ငံတကာ ခရစ်ယာန် အသင်းတော်များ မှ အရွယ်ရောက်လူငယ်များ တွေ့ဆုံခြင်း အစီအစဉ်**

*မတ်လ ၂၂ရက် သောကြာနေ့မှ မတ်လ ၂၆ ရက် အင်္ဂါနေ့အထိ*

လက်ဘနွန်နိုင်ငံရှိ တေဇေအဖွဲ့မှဦးဆောင်သော လက်ဘနွန်နိုင်ငံရှိ ခရစ်ယာန် အသင်းတော်များနှင့် အရှေ့အလယ်ပိုင်းကောင်စီ အသင်းတော်များက အရွယ်ရောက်ပြီးဖြစ်သော လူငယ်များ တွေ့ဆုံခြင်း အစီအစဉ်ကို ပထမအကြိမ် အိမ်ရှင်အဖြစ်  ဦးဆောင်သွားမည်ဖြစ်ပါသည်။

## *ကိပ်တောင်းမြို့၌*

***အာဖရိကတိုက်အတွင်း၌ ဆက်လက် ၍ ပြုလုပ်မည့် ယုံကြည်ခြင်း ၌ဘုရားဖူးခရီးစဉ်များ***

စက်တင်ဘာလ ၂၅ရက်မှ ဗုဒ္ဓဟူးနေ့မှ စက်တင်ဘာလ ၂၉ရက်နေ့ တနင်္ဂနွေနေ့အထိ

လူငယ်များ အတူတကွ ဝတ်ပြုကိုးကွယ်ခြင်း၊ သက်သေခံ ဝေမျှခြင်း၊ အစရှိသော အစီအစဉ် များကို တောင်အာဖရိက နိုင်ငံရှိ လူငယ်များသာမက နိုင်ငံတကာမှလူငယ်များအားလုံးကို ဝမ်းသာစွာဖြင့် ဖိတ်ခေါ်ပါသည်။

## *ပိုလန်နိုင်ငံ ဂရောစွာမြို့၌*

**ဥရောပတိုက်အတွင်းရှိ လူငယ်များတွေ့ဆုံခြင်းအစီအစဉ်**

*ဒီဇင်ဘာလ ၂၈ရက် ၂၀၁၉ ခုနှစ် စနေနေ့ မှ ဇန်နဂါရီလ ၁ရက်နေ့ ၂၀၂၀ခုနှစ် ဗုဒ္ဓဟူးနေ့အထိ*

၄၂ကြိမ်မြောက် ဥရောပတိုက် အတွင်းရှိလူငယ်များတွေ့ဆုံခြင်း အစီအစဉ်ကို ပိုလန်နိုင်ငံ ဂရောစွာမြို့အတွင်း ပြုလုပ်သွားမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါ စုံစမ်းရန်

www.taize.fr @taize